NEW MYANMAR FOUNDATION
Building A Strong Foundation For Our Society

Email: contact@newmyanmarfoundation.org
Website: https://newmyanmarfoundation.org

# အကြမ်းဖက်စစ်ကောင်စီအား သံဃာတော်များမှ ပတ္တနိက္ကုဇ္ဇန ကံဆောင်သပိတ် ပြုလုပ်သည့်အပေါ် ထောက်ခံကြောင်း ပူးပေါင်းထုတ်ပြန်ချက်

၂၀၂၄ခုနှစ်၊ ဇွန်လ (၂၇) ရက်။

၁။ အကြမ်းဖက်စစ်တပ်မှ ပဲခူးတိုင်း၊ ပဲခူးမြို့၊ ဝင်းနိမ္မိတာရုံကျောင်းတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တမုနိန္ဒာဘိဝံသ အား ၂၀၂၄၊ ဇွန်လ (၁၉) ရက်နေ့တွင် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး ဇွန်လ (၂၂) ရက်နေ့တွင်လည်း မြင်းခြံမြို့နယ်၊ ဆခမကျေးရွာမှ ဆရာတော် ဦးဥတ္တမကို အလားတူ ထပ်မံသတ်ဖြတ်မှုမျိုး ကျူးလွန်ခဲ့ကြပါသည်။ စစ်အုပ်စုသည် ၎င်းတို့မတရားအာဏာသိမ်းပြီးသည့်အချိန်မှစတင်၍ ဘာသာရေး အဆောက်အအုံများ၊ ဘုရား ကျောင်းကန်များကို စစ်ရေးပစ်မှတ်အဖြစ် တိုက်ခိုက်ခြင်းများ၊ သင်းအုပ်ဆရာများကို ဖမ်းဆီးခဲ့ခြင်းများ ပြုလုပ် ခဲ့ကြသည့်အပြင် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုတို့ကြောင့်လည်း အသက်ဆုံးရှုံးခဲ့ရသည့် သံဃာ များစွာရှိခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီသည် ၎င်းတို့၏ သတ်ဖြတ်မှုများကို ဝန်ချတောင်းပန်ခြင်း မရှိသည့် အပြင် တော်လှန်ရေးအင်အားစုများမှ ပြုလုပ်သကဲ့သို့ လိမ်လည်မှုများကို ဆက်လက်ပြုလုပ်လျက်ရှိပါသည်။ ယင်းသို့ အပြစ်မဲ့ ပြည်သူအပေါ် အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်မှု တစ်ရပ်ဖြစ်ပြီး လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု ဖြစ်ပါသည်။ ထိုကဲ့သို့သောအကြောင်းများကြောင့် ၂၀၂၄ခုနှစ်၊ ဇွန်လ (၂၃)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦး မြို့နယ်အတွင်းရှိ သံဃာတော်များမှ စတင်၍ စစ်ကောင်စီအား ပတ္တနိက္ကုဇ္ဇန ကံဆောင်သပိတ် ပြုလုပ်ခဲ့ကြပါသည်။

၂။ ရဟန်းသံဃာများမှ သပိတ်မှောက် ကံဆောင်ထိုက်သော အချက်အင်္ဂါရပ်များအား အထက်ပါအတိုင်း ပြောင်ပြောင်တင်းတင်း ကျူးလွန်ကြောင်းပေါ်လွင်သောကြောင့် စစ်ကောင်စီအား သံဃာထုမှ အဆက်အဆံမပြုရန် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချခြင်း (ပတ္တနိက္ကုဇ္ဇန ကံဆောင်ခြင်း)ကို ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပါသည်။ ဇွန်လ (၂၄) ရက်နေ့တွင် ထပ်မံ၍ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်ရှိ သံဃာတော်များမှ မင်းအောင်လှိုင် ဦးဆောင်သည့် အာဏာသိမ်းစစ်ကောင်စီကို ဝိနည်းတော်နှင့်အညီ ပတ္တနိက္ကုဇ္ဇန

Email: contact@newmyanmarfoundation.org
Website: https://newmyanmarfoundation.org

ကံဆောင်သပိတ်မှောက်မှု  တရားဝင်စတင်ကြောင်း ကြေငြာကာ နိုင်ငံတဝန်းလုံးရှိ သံဃာထုမှလည်း အကြမ်းဖက်စစ်အုပ်စု၏ ရဟန်းသံဃာများအပေါ် ယခုကဲ့သို့ အကြောင်းမဲ့သတ်ဖြတ်နေမှုအား လက်မခံနိုင်ဖြစ်ကြသောကြောင့် သပိတ်မှောက် ကံဆောင်မှုများ စတင်ပြုလုပ်လာပြီ ဖြစ်ပါသည်။

၃။ နိုင်ငံတဝန်းရှိ သံဃာထုမှ စစ်ကောင်စီ၏ ယခုကဲ့သို့ ဘုရားသားတော် ရဟန်းသံဃာများအပါအဝင် ပြည်သူလူထုအပေါ် သတ်ဖြတ် အကြမ်းဖက်မှုများကျူးလွန်နေခြင်းကို ဆန့်ကျင်ကန့်ကွက်ကာ အမှန်တရားဘက်မှ ရပ်တည်ပြီး ပြည်သူများနှင့်အတူ စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ကျဆုံးရေး ပူးပေါင်းပါဝင်ကြခြင်းနှင့် သံဃာတော်များ၏ အကြမ်းဖက်စစ်ကောင်စီအပေါ် ပတ္တနိက္ကုဇ္ဇနကံဆောင်သပိတ် ပြုလုပ်ခြင်းအား မိမိတို့အဖွဲ့အစည်းများအနေဖြင့် ထောက်ခံကြောင်း ထုတ်ပြန်အပ်ပါသည်။

**ထုတ်ပြန်သည့်အဖွဲ့အစည်းများ**

- New Myanmar Foundation (NMF)
- History Carrier (HC)
- Magway Region Human Rights Network (MHRN)
- Women Lead Resource Center (WLRC)
- Youth Empowerment (YE)